ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ကုန်သွယ်ရေးဦးစီးဌာန

# ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သော သတင်းလွှာ ( ၆ /၂၀၂၀)

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၃၀ ရက်

အကြောင်းအရာ။ **Fully Online Licensing စနစ်ကို အသုံးပြု၍ လိုင်စင်လျှောက်ထားနိုင်သည့် ပို့ကုန်/ သွင်းကုန်ပစ္စည်းအမယ်များ တိုးမြှင့်ဆောင်ရွက်ခွင့်ပြုခြင်း**

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်သူများအနေဖြင့် လိုင်စင်လျှောက်ထားရန်လိုသော ကုန်စည်အချို့ကို အင်တာနက်ရရှိသည့် မည်သည့်နေရာမှမဆို ပို့ကုန်/ သွင်းကုန်လိုင်စင်လျှောက်ထားခြင်းကို Fully Online Licensing စနစ်ဖြင့် ၂၀၁၆ ခုနှစ်၊ ဇွန်လ (၇) ရက်နေ့တွင် စတင်ခွင့်ပြုခဲ့ပါသည်။

၂။ ကျန်ရှိသည့် လိုင်စင်လျှောက် ထားရန်လိုသော ကုန်စည်လိုင်းများအား တစ်ဆင့်ပြီးတစ်ဆင့် Fully Online စနစ်ဖြင့် လျှောက်ထား ရယူနိုင်ရေး တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ လက်ရှိတွင် HS Code 2017 Version အရ 10 digit ဖြင့် ပို့ကုန် H.S Line (၈၈) လိုင်းနှင့် သွင်းကုန် H.S Line ( ၆၅၀) လိုင်းတို့ကို Fully Online Licensing စနစ်ဖြင့် www.myanmartradenet.com.mm တွင် ပို့ကုန်/ သွင်းကုန်လိုင်စင်လျှောက်ထားရယူနိုင်ကြောင်းနှင့် ထပ်မံ၍ကုန်စည်လိုင်းများ တိုးမြှင့်ခွင့်ပြုသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ကြေညာလိုက်သည်။

ကုန်သွယ်ရေးဦးစီးဌာန